# မြန်မာကဗျာဖွံ့ဖြိုးတိုးတက်လာပုံ
# (၁၉၄၅–၁၉၇၂)

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မကြူကြူမြင့်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ခုနှစ်၊ ဇူလိုင်လ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းတွင် (၁၉၄၅–၁၉၇၂) အတွင်းမြန်မာကဗျာဖွံ့ဖြိုးတိုးတက်လာပုံကို လေ့လာတင်ပြထားပါသည်။ ဤသို့လေ့လာနိုင်ရန် ထိုကာလအတွင်း ထုတ်ဝေခဲ့သော ထင်ရှားသော စာနယ်ဇင်းများမှ ကဗျာများကို ရှာဖွေစုဆောင်းရပါသည်။

(၁၉၄၅–၄၈)ကာလသည် လွတ်လပ်ရေးကြိုးပမ်းနေဆဲ ဖြစ်၍နယ်ချဲ့ကို ကလောင်ဖြင့် တိုက်ပွဲဝင်ရင်း တိုင်းပြည်၏ အခြေအနေကို ဝေဖန်ထောက်ပြသော ကဗျာများ ရေးဖွဲ့ခဲ့သည်။ ဒဂုန်တာရာ၏ စာပေသစ် အယူအဆပေါ်လာသဖြင့် ပြည်သူတို့အတွက် ကဗျာရေးဖွဲ့ရန်၊ အရင်းရှင်ကို တိုက်ထုတ်ရန် အားပေးသော ကဗျာများရေးဖွဲ့ရန် တိုက်တွန်းခဲ့သည်။ ဒဂုန်တာရာကိုယ်တိုင်ကမူ စာပေသစ် လမ်းကြောင်းမှ သွေဖည်ကာ အချစ်ကဗျာများ ရေးဖွဲ့လာကြောင်းတွေ့ရသည်။ တစ်ဖက်က မျက်မြင်ကာရန်များသုံးခြင်း၊ အချပိုဒ်များကို ကြိယာဖြင့် ပုံသေမချဘဲ နာမဝိသေသန၊ ကြိယာဝိသေသန၊ မြည်သံစွဲစကားလုံးများ သုံးခြင်းဖြင့် ကဗျာဖွဲ့ဆိုခဲ့သည်။ ကြည်အေး၏ အချစ်ကဗျာများတွင် ဆုပ်ကိုင်၍ မရသောစိတ်၏ လှုပ်ရှားခံစားမှုကို ပေါ်လွင်အောင် ဖွဲ့ဆိုသောကဗျာများ တွေ့ရသည်။ ဆရာဇော်ဂျီသည် ဒဿနအတွေးအမြင်၊ ဆင်ခြင်မှုကောင်းသော ဗေဒါလမ်း၊ ညီသစ်ဆင်းကဗျာများဖွဲ့ဆိုခဲ့သည်။ ဆရာမင်းသုဝဏ်ကမူ ခံစားမှုကို ပေးသော ကျေးလက်တောရွာသဘာဝအလှ၊ လွမ်းမောဖွယ်ကောင်းသော ဇာတ်လမ်းကဗျာများဖွဲ့ဆိုသည်။ ထို့အပြင် ကဗျာကို တစိုက်မတ်မတ်ရေးဖွဲ့သောကဗျာဆရာများနှင့် တစ်ခါတစ်ရံမှ ရေးဖွဲ့သောကဗျာဆရာများ၏ ကဗျာများကိုလည်း ခေတ်ကာလအလိုက် လေ့လာထားသည်။

ထို့နောက် ကဗျာတွင် စကားပြောလေသံများ၊ စိတ္တဇဆန်သောအဖွဲ့များ၊ စကားလုံးအဆန်းထွင်မှုများ တွေ့ရှိပါသည်။ အထူးသဖြင့် (၁၉၆၂–၇၂) ကာလတွင်မူ စကားပြောရစ်သမ်၊ ကာရန်မဲ့၊ နိမိတ်ပုံ၊ နရီဟူသောအဖွဲ့များဖြင့် ခေတ်ပေါ်ကဗျာလမ်းကြောင်းသို့ ရောက်ရှိလာသည်။

လေးလုံးစပ်လင်္ကာသည် ပြောင်းလဲလာသော မျက်မှောက်ခေတ်၏ အကြောင်းအရာနှင့် သဟဇာတမဖြစ်တော့ကြောင်း တွေ့ရသည်။ ခေတ်ပေါ်ခံစားမှုကို ပြည့်ပြည့်ဝဝဖွဲ့ပြနိုင်သည့် ခေတ်ပေါ်ကဗျာကို ရေးဖွဲ့ခဲ့ကြသည်။

မြန်မာကဗျာတွင် ပြောင်းလဲတိုးတက်လာသော လမ်းကြောင်းကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။ အကြောင်းအရာရော ပုံသဏ္ဌာန်ပါပြောင်းလဲပါသည်။ အကြောင်းအရာသည် ခေတ်အခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများကိုမှီ၍ ပြောင်းလဲလေ့ရှိသည်။ ဤသို့ပြောင်းလဲလျှင် ပုံသဏ္ဌာန်ကပါ လိုက်လျောညီထွေပြောင်းလဲလာတော့သည်။ မြန်မာစာပေတွင် ခေတ်ကို မှီ၍ဖွံ့ဖြိုးတိုးတက်လာသော ကဗျာ၏ အခန်းကဏ္ဍအရေးပါပုံ၊ (၁၉၄၅–၇၂) အတွင်း တိမ်မြုပ်ပျောက်ကွယ်သွားခြင်းမရှိဘဲ ခေတ်အဆက်ဆက် ကဗျာဖွံ့ဖြိုးတိုးတက် လာပုံကို လေ့လာတင်ပြထားပါသည်။